# ကွန်ဗင်ရှင်းဒုက္ခသည်နှင့်မိသားစုအတွက်
# ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

## လက်ရှိတွင်အွန်လိုင်းအတန်းများကိုသာလက်ခံသည်

~ ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ ၊ ဂျပန့် ဓလေ့ထုံးစံများကိုသိလိုသူ ၊ အလုပ်အကိုင်ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက် ~


အာရှလူမျိုးပူးပေါင်းရေးနှင့်ပညာရေးဖေါင်ဒေးရှင်း

ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )

## နိဒါန်း

ဂျပန်အစိုးရသည်တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစုအတွက် ဂျပန်ဘာသာ ၊ လူမှုရေးလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့်အခြေချနေထိုင်ရေးထောက်ပံ့အစီအစဉ်ကို အခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ ၊ ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ၊ ဓလေ့ထုံးစံများကို ဂျပန်ဘာသာစကားဖြင့်လေ့လာနိုင်ပါသည်။
- အလုပ်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်မိတ်ဆက်ပေးပါမည်။
- သင်တန်းတက်ရောက်စဉ်အတွင်း နေထိုင်မှုစရိတ်ရရှိမည့်အပြင် ၊ သင်တန်းဆင်းလျှင်အခြေချနေထိုင်ရေးထောက်ပံ့ငွေ ( အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ ) ကိုလက်ခံရရှိနိုင်ပါမည်။ ( စာမျက်နှာ ၃ တွင်ကြည့်ပါ )
- Corona ဗိုင်းရပ်စ်ကူးစက်မှုကိုကာကွယ်ရန်အတွက် အခြေချနေမှုထောက်ပံ့အစီအစဉ်သင်တန်းအားလုံးကို အွန်လိုင်းဖြင့်သင်ကြားသွားပါမည်။အိမ်တွင်အင်တာနက် ၊ ကွန်ပျူတာရှိသူများကိုဦးစားပေးပါမည်။အင်တာနက် ၊ ကွန်ပျူတာမရှိသူများ RHQ သို့ တိုင်ပင်ပါ။

သတိ ။ ။ သင်တန်းလျှောက်လွှာတင်ထားသော်လည်း သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။
ကလေးကိုအပ်ထားလို့ မရပါ။

## အစီအစဉ်အသေးစိတ်

### ဂျပန်ဘာသာသင်တန်း ၊ လူနေမှုလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်

**၁ ၊ ဂျပန်ဘာသာသင်ကြားမှု ( ပို့ ချချိန် ၅၇၂ နာရီ ၊ ၁ ချိန်= ၄၅ မိနစ် )**

- အခြေခံဂျပန်ဘာသာ ( ဖတ် ၊ ရေး ၊ နားထောင် ၊ စကားပြော ) စသည်တို့ကိုသေချာစွာတက်မြောက်နိုင်ပါသည်။
- စားဝတ်နေထိုင်ရန်လိုအပ်သည့် ဂျပန်ဘာသာကိုလေ့လာသင်ယူနိုင်ပါသည်။

**၂ ၊ လူနေမှုလမ်းညွှန် ( ပို့ ချချိန် ၁၂၀ နာရီ ၊ ၁ ချိန် = ၄၅ မိနစ် )**

- ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ( ဆေးကုသမှု ၊ အာမခံ ၊ ပင်စင် ၊ အခွန် အစရှိသော ) ဓလေ့ထုံးတမ်းများကိုလေ့လာသင်ယူနိုင်ပါသည်။

  ※ သင်တန်းတွင် ဂျပန်ဘာသာ နှင့် လူနေမှုလမ်းညွှန်ကိုတွဲဖက်သင်ကြားပါသည်။

**၃ ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း**

- အလုပ်အကိုင်လိုသူများအတွက် အလုပ်ရှာဖွေရန်ကူညီနိုင်ပါသည်။
  ( မိမိလုပ်လိုသည့်အလုပ်ကို မတွေ့ နိုင်သည့်အခါလည်းရှိပါသည်။)
- အလုပ်အကိုင်ရှာဖွေရန်လိုအပ်သောလမ်းစရိတ်ကိုပေးပါမည်။
- အလုပ်ဝင်ရန်ရွေးချယ်လိုက်သောကုမ္ပဏီတွင်အလုပ်သင်စနစ်ကိုအသုံးပြုနိုင်ပါသည်။အလုပ်သင်ကာလမှာ ၁ လ မှ ၆ လ ဖြစ်ပါသည်။ အလုပ်သင်ကာလအတွင်းနေထိုင်စရိတ်ကိုတချို့ ကိုထောက်ပံ့ပေးပါမည်။



သင်ယူနေပုံ

## သင်တန်းအမျိုးအစားနှင့်တက်မည့်အချိန်

- သင်တန်းချိန်စုစုပေါင်း ၆၉၂ နာရီ တွင် ဂျပန်ဘာသာ သင်တန်းချိန် ၅၇၂ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် ) နှင့် လူနေမှုလမ်းညွှန်သင်တန်းချိန် ၁၂၀ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် )
- သင်တန်းအားလုံးကို အွန်လိုင်းဖြင့်အုပ်စုလိုက်သင်ကြားမှုပုံစံဖြင့်သင်ကြားသွားပါမည်။
- သင်တန်းချိန် ( သင်တန်းအစီအစဉ်အရ အချိန်အပြောင်းအလဲရှိနိုင်သည်)

  ၆ လ သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၉ နာရီ ၃၀ မိနစ် မှ ၁၅ နာရီ ၅၀ မိနစ် အထိ

  ၁ နှစ် သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၁၈ နာရီ ၃၀ မိနစ် မှ ၂၀ နာရီ ၅၅ မိနစ် အထိ
- သင်တန်းကာလ

  ၆ လ သင်တန်း ၂၀၂၁ ခုနှစ် ဧပြီ လ မှ ၂၀၂၁ ခုနှစ် စက်တင်ဘာ လ

  ၁ နှစ် သင်တန်း ၂၀၂၁ ခုနှစ် ဧပြီ လ မှ ၂၀၂၂ မတ် လ အထိ

## သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစု ( ※၁ ) သို့ ရာတွင် ယခုချိန်အထိ နိုင်ငံတကာကူညီရေးစင်တာ ( ၂၀၀၆ ခုနှစ် မတ်လ တွင်ရပ်ဆိုင်း ) နှင့် RHQထောက်ပံ့ရေးစင်တာ တို့ တွင်ဂျပန်ဘာသာစသည့်အခြေချနေထိုင်ရေးအထောက်အပံ့ကို သင်ယူပြီးသူများမပါဝင်ပါ။( ※၂ )

( ※၁ ) မိသားစု ဆိုသည်မှာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်ရှင်းဒုက္ခသည်၏ မိသားစု အဖြစ် ဂျပန်တွင်နေထိုင်ခွင့်ရရှိထားသူကို ဆိုလိုပြီး ထိုသူများမှာ အိမ်ထောင်ဖက် ၊ မိဘ ၊ အိမ်ထောင်မကျသေးသည့် သား/သမီး များသာ။

( ※၂ ) ကျန်းမာရေးအခြေအနေ ၊ ဂျပန်ဘာသာအရည်အချင်း တို့ ကိုကြည့်ပြီး သင်တန်းတက်ရောက်မည့်အချိန် စောင့်ဆိုင်းခြင်း ၊ သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။

# လူနေမှုထောက်ပံ့ကြေးအစရှိသော

အခြေချနေမှုထောက်ပံ့အစီအစဉ်သို့ တက်ရောက်နေစဉ်အတွင်းရရှိမည့်ထောက်ပံ့ကြေး

| | |
|---|---|
| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်)<br>※အခြေအနေပေါ်မူတည်၍မရနိုင်သည့်သူရှိသည်။ | လူကြီး ( ၁၂ နှစ် အထက် ) ၁ ရက် ယန်း ၁,၆၀၀<br>ကလေး ( ၁၂ နှစ် အောက် ) ၁ ရက် ယန်း ၈၀၀<br>※၁ နှစ်သင်တန်းတက်ရောက်သူမှာအထက်ပါနှုန်း၏တဝက်ကို ၁နှစ်လုံးရရှိပါမည်။ |
| အခြေချနေထိုင်မှုစရိတ်<br>( အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက် ) | လူကြီး ( ၁၆ နှစ်နှင့်အထက် ) ယန်း ၁၅၆,၉၀၀<br>ကလေး ( ၁၅ နှစ်အထိ ) ယန်း ၇၈,၄၅၀<br>※အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်ပြီးချိန်တွင် ၁ ကြိမ်သာ |
| ဆေးကုသစရိတ်<br>( ရောဂါ ၊ဒဏ်ရာ ရသည့်အခါ ) | သင်တန်းချိန်အတွင်းဖြစ်သည့်အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း ၊ သွားကိုက်ခြင်း ၊မတော်တဆထိခိုက်ဒဏ်ရာရသည့်အခါအရေးပေါ်ကုသသည့်ဆေးကုသစရိတ်။နာတာရှည်ရောဂါ နှင့်တခြားရောဂါကြီးများ၏ဆေးကုသစရတ်ကို မထောက်ပံ့နိုင်ပါ။ |


ဆက်သွယ်ရန် အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )

RHQထောက်ပံ့ရေးစင်တာ Tel 03-7013 Fax 03-3449-7016、E-mail:rhqcenter@rhq.gr.jp

ကန်ဆိုင်ရုံးခွဲ 11F JR KOBE EKIMAE NK BLD 2-1-18 NAKAMACHI ST CHUO KU KOBE HYOGO KEN 650-002

Tel 078-361-1700 Fax 078-361-1323


## နေထိုင်မှု ၊ ဂျပန်ဘာသာပညာရေး ၊ အလုပ်အကိုင် ၏ တိုင်ပင်ဆွေးနွေးခြင်း

လူနေမှု၊ ပညာရေး၊ အလုပ်အကိုင်အစရှိသော အခက်အခဲ၊ ဒုက္ခများကိုဆွေးနွေးတိုင်ပင်သည့် အတိုင်ပင်ခံဝန်ထမ်းက အခမဲ့ဆွေးနွေးတိုင်ပင်ပေးပါသည်။ ကိုယ်ရေးအချက်အလက်များအားမပေါက်ကြားစေရန် ထိန်းသိမ်းသွားပါမည်။ ထိုကြောင့်အားမနာဘဲဆက်သွယ်နိုင်ပါသည်။

● ဆက်သွယ်ရန် ၀၁၂၀-၀၉၀-၀၉၁ ( အခမဲ့ )

( တနင်္လာနေ့ မှ သောကြာနေ့ ၉း၃၀ မှ ၁၇း၀၀ )

ဂျပန် ၊ အင်္ဂလိပ် ၊ ပြင်သစ် ၊ မြန်မာ ဘာသာများဖြင့်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။